# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ရန်ကုန်မြို့၊ ၁၃၃၃ ခု၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်။

(၁၉၇၁ ခု၊ စက်တင်ဘာလ ၁၅ ရက်။)

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၇၁ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ မြန်မာစာကော်မီရှင် ဥပဒေ။

[၁၉၇၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၊]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၇၁ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ မြန်မာစာ ကော်မီရှင် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်း အာဏာတည်ရမည်။

### ကော်မီရှင်ဖွဲ့စည်းပုံ

၂။ ။အစိုးရသည်၊ အောက်ပါ ပုဂ္ဂိုလ်များပါဝင်သော ပြည်ထောင်စု မြန်မာနိုင်ငံ မြန်မာစာ ကော်မီရှင်ဟုခေါ်တွင်သည့် ကော်မီရှင် တခုကို ဖွဲ့စည်းလိုက်သည်။ ထိုကော်မီရှင်မှာ မိမိအား ဤဥပဒေဖြင့်၎င်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများဖြင့်၎င်း ပေးအပ်ထားသည့် အာဏာများနှင့် တာဝန်ဝတ္တရားများကို အထမြောက်အောင် သုံးစွဲဆောင်ရွက်ရန် တာဝန်ရှိရမည်။

(က) ဥက္ကဋ္ဌ .... ပညာရေးဝန်ကြီး။

(ခ) ဒုတိယဥက္ကဋ္ဌ .... (အစိုးရကခန့်ထားသည့် ပုဂ္ဂိုလ် တဦး)။

(ဂ) အတွင်းရေးမှူး.... (အစိုးရကခန့်ထားသည့် ပုဂ္ဂိုလ် တဦး)။

### အဖွဲ့ဝင်များ

(ဃ) မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီမှ ကိုယ်စားလှယ်တဦး။

(င) ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန။

(စ) ဒုတိယဝန်ကြီး၊ သို့မဟုတ် အတွင်းဝန်၊ ယဉ်ကျေးမှု ဝန်ကြီးဌာန။

(ဆ) ဒုတိယဝန်ကြီး၊ သို့မဟုတ် အတွင်းဝန်၊ ပြန်ကြားရေး ဝန်ကြီးဌာန။

(ဇ) ညွန်ကြားရေးဝန်၊ ယဥ်ကျေးမှုဗိမာန်။

(ဈ) ညွန်ကြားရေးဝန်၊ ပြန်ကြားရေးဌာနခွဲ။

(ည) ညွန်ကြားရေးမှူး၊ တက္ကသိုလ်များ အုပ်ချုပ်ရေးရုံး။

(ဋ) ပညာညွန်ကြားရေးဝန်။

(ဌ) ပါမောက္ခချုပ်၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ရန်ကုန်။

(ဍ) ပါမောက္ခချုပ်၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ မန္တလေး။

(ဎ) ပါမောက္ခ၊ မြန်မာစာဌာန၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ရန်ကုန်။

(ဏ) ပါမောက္ခ၊ အရှေ့တိုင်း ဘာသာ စာ ပေ ဌာ န၊ ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ်၊ မန္တလေး။

(တ) အုပ်ချုပ်ရေးမှူး၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့။

(ထ) စာတည်းမှူး၊ ဘာသာပြန်နှင့် စာအုပ် ထုတ်ဝေရေး ဌာန၊ တက္ကသိုလ်များအုပ်ချုပ်ရေးရုံး။

(ဒ) အစိုး ရက ခန့် ထား သည့် ဦးရေ ၂၀ ထက် မပိုသော ပုဂ္ဂိုလ်များ။

## <u>ကော်မီရှင်၏ တာဝန် ဝတ္တရားများ</u>

၃။ ။မြန်မာမျိုးသရအက္ခရာ၊ မြန်မာဝေါဟာရဘို၏ရေးထုံး (စာလုံးပေါင်း သတ်ပုံ)၊ အနက် အဓိပ္ပါယ်၊ အသံထွက်၊ သဒ္ဒါနှင့် ဝါကျဖွဲ့ထုံး စသည်တို့၏ ထုံးမိဒံမျှမှန်ကန်တိကျရေး၊ အနှိန့်ရှည်စွာတည်တံ့ရေး၊ မြန်မာစာ တိုးတက်ဖွံ့ဖြိုးရေးတို့ကို ရှေ့ရှုလျက် ကော်မီရှင်သည်—

(က) ဝေါဟာရပြည့်စုံသော၊ အနက်အဓိပ္ပါယ် မှန်ကန် တိကျသော၊ အကိုးအထောက် ခိုင်မာစုံလင်သော၊ ခေတ်မီ စနစ်ကျသော <u>မြန်မာအဘိဓါန်ကျမ်း</u> များကိုဆောလျင်စွာ စီရင်ပြုစုရမည်။

(ခ) အစိုးရရုံးသုံးစံအဖြစ်သတ်မှတ်နိုင်မည့် <u>မြန်မာ့ရေးထုံးကျမ်း</u> (စာလုံးပေါင်းသတ်ပုံ) တစောင်ကို ပြုစုရမည်။

(ဂ) မြန်မာစာ၏ အရေးအသားမှန်ကန်မှု၊ ရှင်းလင်းမှု၊ ကျစ်လစ်မှု၊ ထိမိမှုကို အထောက်အကူ ပြုစေနိုင်မည့် <u>ခေတ်မီ မြန်မာသဒ္ဒါနှင့် စာစီစာကုံးကျမ်း</u>တစောင်ကို ပြုစုရမည်။

## ကော်မီရှင်၏လုပ်ထုံးလုပ်နည်းများ။

၄။ ။(၁) ကော်မီရှင် သည်၊ မိမိ၏ တာဝန်ဝတ္တရားများကို ဆုံးခန်းတိုင် ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန်အလို့ငှါ—

(က) လိုအပ်လျှင် လိုအပ်သလိုကော်မီတီများဖွဲ့စည်း၍ဆောင်ရွက်နိုင်သည်။

(ခ) တက္ကသိုလ်များကလည်းကောင်း၊ ပညာရေး ဝန်ကြီးဌာနကလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနက လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနကလည်းကောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ကလည်း ကောင်း၊ အခြား အဖွဲ့အစည်းများ ကလည်းကောင်း၊ အခါအား လျော်စွာ ပြုစုထုတ်ဝေသော စာအုပ်စာတမ်းများကို လိုအပ်သလိုအသုံးပြုနိုင်သည်။

(ဂ) တက္ကသိုလ်များ၊ ပညာရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် အစိုးရ၏ အခြားဌာနများက ဖွဲ့စည်းထားသောအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မိမိ၏လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

(ဃ) ပုဂ္ဂလိကပိုင် စာအုပ် စာမူများကို လိုအပ်လျှင် မူပိုင်ဝယ်ယူ၍ လိုအပ်သလိုအသုံးပြုနိုင်သည်။

(င) မည်သည့်ပုဂ္ဂိုလ်ကိုမဆိုထိုက်တန်သည့်ဥာဏ်ပူဇော်ခချီးမြှင့်၍ စာအုပ်စာတမ်းပြုစုနိုင်သည်။

(၂) ဤဥပဒေတွင်ဖြစ်စေ၊ ဤဥပဒေအရ ပြုသည့် နည်းဥပဒေများ၊ သို့မဟုတ် ထုတ်ဆင့်သည့် ညွှန်ကြားချက်များတွင်ဖြစ်စေ ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများမှတပါး၊ အခြားလုပ်ထုံးလုပ်နည်းများကို ကော်မီရှင်သည်၊ အစိုးရ၏ သဘောတူညီချက်ဖြင့်သာ ဆောင်ရွက်ရမည်။

## ကော်မီရှင်၏ အခွင့်အရေးနှင့်အာဏာများ

၅။ ။(၁) ကော်မီရှင်၏ အခွင့် အရေး နှင့် အာဏာ များ သည် အောက်ပါအတိုင်းဖြစ်စေရမည်။

(က) ကော်မီရှင်က ပြုစုထုတ်ဝေသော မြန်မာ အဘိဓါန်ကျမ်းနှင့် အခြားစာအုပ်စာစောင်များသည် အစိုးရ၏မူပိုင်ဖြစ်စေရမည်။

(ခ) ကော်မီရှင်က ပြုစုထုတ်ဝေသော မြန်မာ ရေးထုံးကျမ်းသည် အစိုးရသုံး၊ ကျောင်းသုံးစံရေးထုံးကျမ်း ဖြစ်စေရမည်။

(၂) ကော် မီ ရှင် သည်၊ မိမိ၏ အခွင့်အရေးများနှင့် လည်းကောင်း၊ အာဏာများနှင့်လည်းကောင်းစပ်လျဉ်း၍လိုအပ်သည်ဟုထင်မြင်ယူဆလျှင်၊ ဤဥပဒေ၊ သို့မဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီ ညွှန်ကြားချက်များ ထုတ်ဆင့်နိုင်သည်။

## ကော်မီရှင်၏သက်တမ်း။

၆။ ကော်မီရှင်၏ အဖွဲ့ဝင်များအနက်၊ ရာထူးအလျောက် မဟုတ်သော အဖွဲ့ဝင်များ၏ သက်တမ်းသည်၊ စတင်ခန့်ထားသည့် နေ့မှစ၍ ၃ နှစ် ဖြစ်စေရမည်။

## ကော်မီရှင်၏ဘဏ္ဍာရေး။

၇။ ကော်မီရှင်သည်၊ မိမိ၏ ဝင်ငွေထွက်ငွေများနှင့် စပ်လျဉ်း၍၊ အခြား အစိုးရဌာနများနည်းတူ၊ ရ-သုံး မှန်းခြေ ငွေစာရင်းကို အစိုးရထံ တင်သွင်းရမည်။

၈။ ကော်မီရှင်သည်၊ မိမိ၏ ဝင်ငွေအားလုံးကို အစိုးရ ငွေစာရင်းသို့ ရငွေအဖြစ် ထည့်သွင်းရမည်။

၉။ ကော်မီရှင်သည်၊ မိမိ၏ အသုံး စရိတ်များကို၊ အခြား အစိုးရဌာန များနည်းတူ၊ ငွေစာရင်းမင်းကြီးထံ ငွေတောင်းခံလွှာများ တင်သွင်း၍ ထုတ်ယူသုံးစွဲရမည်။

## အထွေထွေ

၁၀။ အစိုးရသည်၊ ဤဥပဒေပါပြဋ္ဌာန်းချက်များ အထ မြောက်အောင် ဆောင်ရွက်နိုင်ရန်၊ အမိန့်ကြော်ငြာစာဖြင့်၊ နည်းဥပဒေများပြုနိုင်သည်။

၁၁။ ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာစာပေ ပြုစုရေးနှင့် ဘာသာပြန် ကော်မီရှင်ဥပဒေ (၁၉၆၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ ယင်းသို့ ရုပ်သိမ်းလိုက်သည့်အခါ၊ မြန်မာနိုင်ငံဝေဟာရ စကားရပ်များ အက်ဥပဒေ ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များသည် အကျိုးသက်ရောက်စေရမည်။

(ပုံ) ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၃ ခု၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်။
(၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်။ )

အမိန့်အရ၊
(ပုံ) ဗိုလ်မှူးကြီး ကိုကို၊
အတွင်းရေးမှူး၊
ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။